# မာတိကာ

စာမျက်နှာ


| | |
|---|---|
| စကားချီး | ၁၊၂ |
| ရွာသစ်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ကောလင်းမြို့နယ် | ၃ |
| (၁)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် | ၄ |
| (က) နိဒါန်း | ၄ |
| (ခ) ရည်ရွယ်ချက်နှင့် အကျိုးအကြောင်းဖော်ပြချက် | ၄ |
| (ဂ) အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက်အသုံးဝင်မှု | ၅ |
| (ဃ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | ၅၊၆ |
| (၂)ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ | ၆ |
| (က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား | ၆ |
| (ခ) သဘာဝအရင်းအမြစ်များ | ၆ |
| (၃)ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | ၆ |
| (က) လူဦးရေဆိုင်ရာအချက်အလက်များ | ၆ |
| (ခ) စီးပွားရေးအခြေအနေ –ဝင်ငွေ၊ပိုင်ဆိုင်မှု နှင့် မမျှတမှု | ၆၊၇ |
| (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | ၇ |
| (ဃ) ကျန်းမာရေးနှင့် အာဟာရ | ၇ |
| (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ | ၇ |
| (စ) ကျား၊မဆိုင်ရာ ဆက်နွယ်မှု | ၈ |
| (၄)ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | ၈ |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု စနစ် | ၈ |
| (ခ) သီးနှံ၊သားငါး ထုတ်လုပ်ရေးကဏ္ဍ | ၈၊၉ |
| (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | ၉ |
| (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲမှု | ၉ |
| (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၉ |
| (စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၉ |
| (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | ၁၀ |
| (ဇ) အခြေခံအဆောက်အဦးများအားလက်လှမ်းမီမှု–လမ်းတံတား၊လျှပ်စစ် စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး | ၁၁၊၁၂ |
| (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး | ၁၀ |
| (၅)ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ | ၁၀၊၁၁ |
| (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ | ၁၁ |
| (ခ) အဟန့်အတားနှင့် စိန်ခေါ်မှုများ | ၁၁ |

(၆) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၁
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၁၁
(ခ) ဦးစားပေးစီမံချက်များ ၁၂၊၁၃
(၇) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၁၄
(က) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၁၄
(၈) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၁၄
(၉) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကဲဖြတ်ပွဲ ၁၅

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ(၁) စီမံကိန်းဇယားများ**

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ ၁၆
ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရ လုပ်ငန်းအမျိုးအစား ၁၆၊၁၇၊၁၈
ဇယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား ၁၉
ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု ၂၀
ဇယား ၅ ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ ၂၀
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ ၂၁
ဇယား ၇ ဆင်းရဲသောအိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ ၂၁၊၂၂
ဇယား-၈ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ ၂၂
ဇယား-၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ ၂၃
ဇယား ၁၀ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ ၂၄
ဇယား ၁၁ ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ ၂၅
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ ၂၆၊၂၇
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု ၂၇
ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ ၂၇၊၂၈
ဇယား ၁၅ အဓိကသီးနှံများနှင့်အထွက်နှုန်း ၂၈
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု ၂၉
ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ ၂၉
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ ၃၀
ဇယား ၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ ၃၁
ဇယား ၂၀ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ ၃၂

| | | |
|---|---|---|
| ဇယား ၂၁ | မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ | ၃၃ |
| ဇယား ၂၂ | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ | ၃၄ |
| ဇယား ၂၃ | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ | ၃၅ |
| ဇယား ၂၄ | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့် အချိန်ကာလ | ၃၆ |
| ဇယား ၂၅ | ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း | ၃၇ |
| ဇယား ၂၆ | ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ | ၃၇ |
| ဇယား ၂၇ | ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ | ၃၇၊၃၈ |
| ဇယား ၂၈ | ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း | ၃၈၊၃၉ |
| ဇယား ၂၉ | သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ | ၄၀ |
| ဇယား ၃၀ | မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း | ၄၀ |
| ဇယား ၃၁ | ကျောင်းတက်နှုန်း | ၄၁ |
| ဇယား ၃၂ | စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ | ၄၁၊၄၂ |
| ဇယား ၃၃ | ပညာရေးအခက်အခဲနှင့်ပြဿနာများ | ၄၂ |
| ဇယား ၃၄ | အဖြစ်များသောရောဂါများ | ၄၃ |
| ဇယား ၃၅ | လွန်ခဲ့သော (၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု | ၄၃ |
| ဇယား ၃၆ | ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ | ၄၄ |
| ဇယား ၃၇ | သောက်သုံးရေရရှိနိုင်မှု | ၄၅ |
| ဇယား ၃၈ | အိမ်သာအမျိုးအစား | ၄၆ |
| ဇယား ၃၉ | ကျား-မ ရေးရာ | ၄၆ |
| ဇယား ၄၀ | ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ | ၄၇ |
| ဇယား ၄၁ | ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ | ၄၇၊၄၈ |
| ဇယား ၄၂ | ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၄၈ |
| ဇယား ၄၃ | သယ်ယူပို့ဆောင်ရေးယာဉ်များ | ၄၉ |
| ဇယား ၄၄ | လျှပ်စစ်မီးရရှိမှု အခြေအနေ | ၄၉ |
| ဇယား ၄၅ | ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ | ၄၉ |
| ဇယား ၄၆ | ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ | ၅၀ |
| ဇယား ၄၇ | ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု | ၅၀ |

ဇယား ၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ ၅၁
နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေ ၅၂
ကောင်းများ၊အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ
နောက်ဆက်တွဲ(၃) စီမံချက်အဆိုပြုလွှာ ၅၃၊၅၄

## စကားချီး

၁။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂–၂၀၂၃ ခုနှစ် ထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦး ဆုံး သော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

၂။ ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်မည့်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မှ စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းကြောင့် ကျွန်ုပ်တို့သည့်ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင် ထပ်ခ၏မံလိုအပ်သော ကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

၃။ ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှု လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားပါမည်။

၄။ ဤဖွံ့ဖြိုးရေးအစီစဉ်တွင် ပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

၅။ ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက် အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

၂၀၁၉ ခုနှစ် လ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရွာသစ်ကျေးရွာ

ကောလင်းမြို့နယ်

## (၁) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### (က) နိဒါန်း

၁။ ရွာသစ်ကျေးရွာသည် ကောလင်းမြို့နှင့် (၂၆)မိုင်ခန့် အကွာတွင် တည်ရှိပြီး အိမ်ခြေ(၁၃၂)၊ လူဦးရေ (၆၀၇)နေထိုင် လျက်ရှိပါသည်။ အဓိကစီးပွားရေးအနေဖြင့် စိုက်ပျိုးရေး၊ငါးဖမ်း လုပ်ငန်းနှင့် အခြားလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြပါသည်။

### (ခ) ရည်ရွယ်ချက်

၂။ ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်အသစ်ဖြစ်ကြောင်း သိရှိရပါသည်။

၃။ ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြသည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ၊ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

၄။ ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသော ပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊(၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေဖြင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

၅။ ကျွန်ုပ်တို့ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ ပုဂ္ဂလိကဏ္ဍ ၊ဘဏ်များ၊စာပေပညာရှင်များ၊သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုး ရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

## (ဂ) အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက်အသုံးဝင်မှု

၆။ ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေး စီမံချက်ကို မြို့နယ်အဆင့်၊ပြည်နယ်နှင့် တိုင်းအဆင့်၊ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြနိုင်မည်ဖြစ်ပါသည်။

၇။ ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

၈။ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊အရပ်ဖက်အဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

၉။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားငွေချေးလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်ပါသည်။

၁၀။ နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များ အနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

၁၁။ မီဒီယာများ၊ပြန့်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်ဖြစ်သည်။

၁၂။ နိုင်ငံတကာမိတ်ဖက်များဖြစ်သည့် ကုလသမ္မဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့် အလှူရှင် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ဃ)စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၁၃။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ပဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။

၁၄။ လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ

လူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးရာရောက်ပါသည်။

၁၅။ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊နည်းပညာအခက်အခဲများ ရှိနိုင်ပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည် နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင် တစ်ဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ပထဝီအနေအထားနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

၁၆။ ကျေးရွာသည် ကောလင်းမြို့နယ်၊ပန်းမရဲကျေးရွာအုပ်စု၊ကျွန်းလှ –ယင်းတိုက် ဆက်သွယ် ဖောက်လုပ်ထားသော လမ်းမဘေးတွင် တည်ရှိပါသည်။နှစ်စဉ်မိုးရေချိန် လက်မ ( ) ခန့်ရှိ သည်။မိုးစပါးစိုက်ပျိုးနိုင်သော လယ်(၅၄၉.၄၀)ဧက၊ယာ(၂၁၄)ဧကရှိသည်။ကျေးရွာ၏ ဗဟိုသည် ကုန်းမြင့်ဖြစ်ပြီး ဘေးပတ်လည် အနိမ့်ပိုင်း အချို့သည် မြေစေးများ ဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရန် ခက်ခဲပါသည်။

### (ခ) သဘာဝအရင်းအမြစ်

၁၇။ ကျေးရွာတွင် မြစ်၊ချောင်း၊အင်း၊အိုင်၊ဆည်ရေသွင်းမြောင်းများ မရှိသည့် အတွက် စိုက်ပျိုး ရေးကို မိုးရေဖြင့်သာ အဓိကစိုက်ပျိုးရသည်။ကျေးရွာတွင် တွင်းထွက်သယံဇာတများ မရှိပါ။ ချပ်သင်းဘေးမဲ့တော ဧရိယာနှင့် ထိဆက်လျက်ရှိသောကြောင့် စိုက်ပျိုးမြေအများအပြားမရှိပါ။

## (၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

၁၈။ အိမ်ထောင်စုပေါင်း(၁၃၂)စုနှင့် ကျား(၂၈၆)၊မ(၃၂၁) ပေါင်း(၆၀၇)ဦးရှိကာ တစ်အိမ်ထောင် လျှင် ပျမ်းမျှ လူဦးရေ (၄)ဦးစီ ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော အရွယ်ရှိ လူဦးရေ (၄၁၅)ဦးရှိပါသည်။

### (ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မျှတမှု

၁၉။ အဓိက ဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေး၊ငါးလုပ်ငန်းနှင့်မွေးမြူရေးတို့ဖြစ်ပြီး သာမန်အား ဖြင့်အသင့်အတင့် ကောင်းမွန်ကြသည်။ဆင်းရဲချမ်းသာသတ်မှတ်မှုအဆင့်၏ (၄၀%)သည် ဆင်းရဲ နှင့် အလွန်ဆင်းရဲ အိမ်ထောင်စုအဆင့် အဖြစ်သတ်မှတ်ကြပြီး ၊(၂၀%)သည် ချမ်းသာသည့်အဆင့်၊ (၄၀%)သည် အလယ်အလတ် အဆင့်ရှိသည်ဟု သတ်မှတ်ကြသည်။ကျေးရွာတွင် စိုက်ပျိုးမြေ ပိုင်ဆိုင်သူလူဦးရေများပြားသော်လည်း မြေယာမပိုင်ဆိုင်သူမှာ ရွာ၏လူဦးရေတစ်ဝက်ကျော်ရှိပြီး အများစုမှာ ငါးဖမ်းလုပ်ငန်းနှင့် ကျပန်းလုပ်ငန်း လုပ်ကိုင်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

၂၀။ ကျေးရွာရှိ မြေယာမဲ့ အိမ်ထောင်စုများမှာ မွေးမြူရေးလုပ်ငန်း၊စိုက်ပျိုးရေး လုပ်ငန်းများ နှင့် အခြားကျပန်းလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ကြပြီး အလွန်ဆင်းရဲသောအိမ်ထောင်စု အနည်းငယ် သာ အဆင်မပြေကြ၍ သူတစ်ပါးထံအနည်းငယ်ချေးငှားရသည်ကိုတွေ့ရသည်။

၂၁။ ကျေးရွာတွင် ထိခိုက်လွယ်သော အိမ်ထောင်စုများမှာ ဝမ်းစာဖူလုံမှုရှိကြပြီး အလွန်ဆိုးရွား သောအခြေအနေတွင် မရှိကြောင်းတွေ့ရသည်။ သဘာဝဘေး ကြောင့်ဖြစ်ပေါ်သော ထိခိုက်မှု နည်း ပါး၍ ရံဖါရံခါ ရေကြီးခြင်း၊လေပြင်းတိုက်ခြင်းတို့သာကြုံတွေ့ရသည်။ကူးစက်ရောဂါ ဖြစ်ပွားမှု မရှိ သလောက်နည်းပါးပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

၂၂။ ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီး အစား အစာ အာဟာရပြည့်ဝမှုရှိကြသည်။ကလေးငယ်အများစုမှာလည်းကျန်းမာကြသည်။ရွာသစ်ကျေးရွာ တွင် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ရှိ ကလေးသူငယ်များအား အဟာရတိုက်ကျွေးမှု များ ရှိပြီး အမျိုးသမီး၊လူလတ်ပိုင်း၊သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့်ကျန်း မာရေးအသိအမြင့်များ အသင့်အတင့် ရှိကြပါသည်။ အခြေခံကျန်းမာရေး စောင့်ရှောက်မှုကို အုပ်စု အတွင်းရှိ ပေတစ်ပင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)မှ ကျန်းမာရေးဝန်ဆောင်မှု ရရှိပါသည်။

၂၃။ ကျေးရွာတွင် ရေတွင်း၊အဝီတွင်းတို့မှ မြေအောက်ရေကို အလွယ်တကူ ရယူသုံးစွဲနိုင်ပြီး ဝမ်းပျက်ဝမ်းလျှော၊တိုက်ဖွိုက်၊အစာအိမ်ရောင် စသောရောဂါဖြစ်ပွားမှု နည်းပါးကြောင်းတွေ့ရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

၂၄။ ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရသည်။ ရွာသား အများစုမှာ အခြေခံ အရေး၊အဖတ်၊အတွက် တို့တက်မြောက်ကြပြီး ဘွဲ့ရ အရေအတွက်မှာ လူဦးရေ၏ (၁.၅%)ခန့်ရှိပါသည်။ကျေးရွာတွင် အခြေခံပညာအလယ်တန်းအထိ ပညာသင်ကြားနိုင် ပြီး အထက်တန်းအဆင့်ကို နီးစပ်ရာ အထက်တန်းကျောင်းများတွင် သွားရောက်ပညာသင်ကြားရပါ သည်။အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှု လုပ်ငန်းများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်၊ လူရွယ်များအတွက် အလုပ်အကိုင် ရှားပါးဆဲဖြစ်သည်။

## (စ) ကျား–မ ဆိုင်ရာဆက်နွယ်မှု

၂၅။ ကျေးရွာတွင် ကျား–မ ဆိုင်ရာဆက်နွယ်မှု အနေအထားမှာကောင်းမွန် ပါသည်။ အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများ သည် ပညာရေးနယ်အယ်တွင် တန်းတူ အနေအထားတွင်ရှိပြီး အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကဏ္ဍ များတွင် အမျိုးသမီးများပါဝင်မှု နည်းသေးကြောင်းတွေ့ရသည်။

၂၆။ ကျေးရွာတွင် နေ့တွက်လုပ်အားခကို အမျိုးသားများက ပိုမိုရရှိကြသည်။ဥပမာအားဖြင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းခွင် ၊ပန်းရံလက်သမား လုပ်ငန်းခွင်များတွင် အမျိုးသားများက လုပ်အားခ ပိုမိုရရှိကြသည်။

## (၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ

## (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

၂၇။ ကျေးရွာတွင် လူထုအခြေပြု အဖွဲ့အစည်း (၈)ဖွဲ့ ရှိပါသည်။ယင်းအဖွဲ့များအနေဖြင့် ကျေးရွာ ၏ သာရေး၊နာရေး၊ပညာရေး၊ကျန်းမာရေး နှင့် အခြား လူမှုရေးကိစ္စများ အားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် အားနည်းသေးကြောင်းတွေ့ရသည်။

## (ခ) သီးနှံ၊သား၊ငါး ထုတ်လုပ်ရေးကဏ္ဍ

၂၈။ ကျေးရွာ စိုက်ပျိုးရေး ကဏ္ဍတွင် စပါး အဓိက စိုက်ပျိုးကြပြီး မိုးစပါးစိုက်ဧက(၅၄၉.၄၀) ရှိပြီး တစ်ဧက ပျမ်းမျှ (၂၅)တင်းသာ ထွက်သည်။ မြေပဲစိုက်ပျိုးမှု (၂၁၄)ဧက ရှိပြီး တစ်ဧက ပျှမ်းမျှ (၄.၅)တင်း ထွက်ရှိသည်။ အခြားဆောင်းသီးနှံများဖြစ်သည့် ပဲစိမ်းငုံ၊မတ်ပဲ တို့ကိုလည်း အနည်း ငယ် စိုက်ပျိုးကြသည် ။သီးနှံထွက်ရှိမှုမှ ဝင်ငွေနည်းပါးခြင်းကြောင့် လူငယ်များ မှာပြင်ပသို့ အလုပ်သွားရောက်လုပ်ကိုင်သူများပြားသောကြောင့် သီးနှံစိုက်ပျိုး ရိတ်သိမ်းချိန်တွင် အလုပ်သမား ရှားပါးလာကြောင်း တွေ့ရသည်။

၂၉။ မွေးမြူရေးကဏ္ဍတွင် ငါးဖမ်းလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပြီး ကျန်သည့် ကြက်၊ဝက်၊ နွား စသည့် မွေးမြူရေးလုပ်ငန်းများကို စီးပွားဖြစ်မဟုတ်ဘဲ တစ်နိုင်တစ်ပိုင် သာ လုပ်ကိုင်ကြသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားလုပ်ငန်းများ

၃၀။ ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ် လုပ်ငန်းမရှိပါ။အခြားဝင်ငွေရလုပ်ငန်းများ မှာ နေ့စား၊ဈေးရောင်း၊ခေါင်းရွက်ဗျက်ထိုး၊ဝန်ထမ်းလုပ်ငန်းများသာ ဖြ စ်ကြသည်။ အခြားကိုယ်ပိုင် လုပ်ကိုင်သော အလုပ်အကိုင်မရှိပါ။

၃၁။ လယ်ယာစိုက်ပျိုးရေးတွင် အလုပ်သမား တစ်ဦး၏ ပျမ်းမျှ လုပ်အားခ မှာ တစ်ရက်လျှင် (၂၀၀၀ မှ ၄၀၀၀)ကျပ်၊ ပန်းရံ/လက်သမား လုပ်ငန်းများတွင် တစ်ဦး၏ ပျမ်းမျှ လုပ်အားခ မှာ တစ်ရက်လျှင် (၃၀၀၀ မှ ၅၀၀၀)ကျပ်၊သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် တစ်ဦး၏ ပျမ်းမျှ လုပ်အားခ မှာ တစ်ရက်လျှင် (၃၅၀၀ မှ ၆၀၀၀)ကျပ် အထိ အသီးသီးရရှိကြသည်။ လုပ်အားခ ရရှိမှု မှာ ကျားနှင့်မ မတူညီနိုင်ပဲ အမျိုးသားများက လုပ်အားခ ပိုမိုရရှိကြသည်။

## (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

၃၂။ ကျေးရွာ၏ လယ်ယာမြေများသည် နှစ်စဉ် စပါးစိုက်ပျိုးခြင်း၊ပဲမျိုးစုံစိုက်ပျိုးခြင်းတို့တွင် နွားချေးမြေဩဇာများ နှစ်စဉ် မထည့်သွင်းနိုင်ခြင်းကြောင့် ဓာတုဗေဒကွန်ပေါင်း မြေဩဇာများ အသုံးပြုရသဖြင့် မြေဆီလွှာ ပျက်ယွင်းမှုများနှင့် ကြုံတွေ့နေရသည်။ဆောင်းသီးနှံစိုက်ခင်း များတွင် ပိုးသတ်ဆေး အသုံးပြုရသောကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုရှိပါသည်။ တောင်သူအများ စုသည် ကြွက်၊အဖျက်ပိုး အဆမတန် ဖျက်စီးမှုဒဏ်ကြောင့် ဝမ်းစာအတွက်ပါ ခက်ခဲလာမည်ကို စိုးရိမ်နေရပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

၃၃။ ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေကို တစ်လလျှင် အတိုးနှုန်း ပြား(၇၀)၊၁ဧက လျှင် ၁၅၀၀၀၀ ကျပ်နှုန်းဖြင့် အများဆုံး(၁၀)ဧက အတွက်ချေးယူနိုင် ကြသည်။သမဝါယမဦးစီးမှလည်း ချေးငွေများကို ရရှိပါသည်။ အခြားအသေးစားချေးငွေ ဝန်ဆောင် မှုများလည်း ရရှိနိုင်ပါသည်။

## (စ) ပညာရေး၊ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၃၄။ ကျေးရွာတွင် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)စာသင်ကျောင်းရှိပါသည်။ကျေးရွာ အတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာနှင့် တစ်မိုင်ခန့်ကွာဝေးသော ပေတစ်ပင် ကျေးလက် ကျန်းမာရေးဆေးပေးခန်းမှ ကျန်းမာရေးဝန်ဆောင်မှုကိုရရှိပါသည်။

၃၅။ သောက်သုံးရေအတွက် ရေကန်နှင့် တစ်ပိုးတွင်းများကို အသုံးပြုကြပြီးတစ်ရွာလုံးနီးပါးရှိ အိမ်သာ အများစု ယင်လုံအိမ်သာများသုံးစွဲကြသော်လည်း သန့်ရှင်းမှုအားနည်းကြောင်း တွေ့ရှိ ရသည်။

## (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

၃၆။ လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် နေရာသီးသန့်မရှိပါ။လူငယ်များသည် ကျေးရွာတွင်းရှိ လူမှုရေး လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေး ပွဲတော်များတွင်လည်း ရိုးရာ အကများဖြင့် တင်ဆက်ပါဝင်ဆင်နွှဲကြသည်။ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် တစ်နိုင်တစ်ပိုင်လုပ်နိုင်သည့် မြောင်းတူးခြင်း၊မြေသယ်ဖို့ခြင်း၊ရွာတွင်းလမ်းပြုပြင်ခြင်း လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြသည်။

## (ဇ) အခြေခံအဆောက်အဦး၊လမ်းတံတား၊သတင်းနှင့်ဆက်သွယ်ရေး

၃၇။ ကျေးရွာ၏ ရွာတွင်းလမ်းများနှင့် ရွာချင်းဆက်လမ်းများသည် မြေသားလမ်းဖြစ်သည့်အတွက် မိုးရာသီနှင့် ဆောင်းရာသီ အချိန်ထိ ရွှံ့ဗွက်များထူထပ်နေသဖြင့် သွားလာရန် ခက်ခဲကြောင်း တွေ့ရသည်။ရွာတွင်းလမ်းများတွင် သစ်သားနှင့် ကွန်ကရစ်တံတားများ ရှိသောလည်း ရေကျော်နှင့် ရေပြွန်များပါ လိုအပ်ကြောင်းတွေ့ရှိရသည်။

၃၈။ ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ကျေးရွာတွင် လျှပ်စစ်မီးရရှိပြီး အိမ်တိုင်းနီးပါး ရေဒီယို၊ ဖုန်း၊တီဗွီ များမှ သတင်းအချက်လက်ရယူ အသုံးပြုနိုင်ကြသည်။ကျေးရွာစာကြည့်တိုက် ဆောက်လုပ်လျက်ရှိပြီး လမ်းပမ်းဆက်သွယ်ရေး မကောင်းမွန်မှုမှ လွဲ၍ အခြေခံအဆောက်အဦးနှင့် သတင်းအချက် အလက် ရယူသုံးစွဲနိုင်မှုမှာ အသင့်အတင့် အနေအထားတွင်ရှိပါသည်။

## (ဈ) တည်ငြိမ်မှုနှင့်ပြည်သူ့လုံခြုံရေး

၃၉။ ကျေးရွာတွင် ရာဇဝတ်မှု၊ မူးယစ်ဆေးဝါးသုံးစွဲမှု မရှိသလောက်နည်းပါးပြီး တည်ငြိမ်အေးချမ်းမှု ရှိခြင်းကြောင့် ကျေးရွာတွင်းပြည်သူတို့၏အသက် အိုးအိမ်စည်းစိမ်း လုံခြုံစိတ်ချစွာ နေထိုင်နိုင်လျက်ရှိပါသည်။ကုန်စည်စီးဆင်းမှု လွယ်ကူလျှင်မြန် ချောမွေ့ပါသည်။ကျေးရွာလုံခြုံရေးအတွက် ချောင်းနားတိုက်နယ်ရဲစခန်းနှင့် ကောလင်းမြို့မရဲစခန်းတို့တွင် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

## (၅) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ အဟန့်အတား နှင့် စိန်ခေါ်မှုများ

## (က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

၃၉။ ရွာသစ်ကျေးရွာသည် ချပ်သင်းဘောမဲ့တော အနီး၊ သဖန်းဆိပ်ဆည် ထိပ်ပိုင်းတွင် တည်ရှိပါသည်။သဖန်းဆိပ်ဆည်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်လျက်ရှိကြပါသည်။

၄၀။ ရွာသစ်ကျေးရွာနှင့် အနီးဆုံး ဈေးကွက်တစ်ခုမှာ ဥက္ကံကျေးရွာတွင် လိုအပ်သော အသုံးအဆောင်ပစ္စည်းများဝယ်ယူရရှိနိုင်ပြီး အကြီးစားဈေးကွက်အနေဖြင့် ကောလင်းမြို့နှင့် ကျွန်းလှမြို့ တို့တွင် အမယ်စုံလင်စွာဝယ်ယူရရှိနိုင်ပါသည်။ လူဦးရေအားလုံး၏ (၇၀%) မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ကျေးရွာ၏ ပညာရေး၊ကျန်းမာရေး အခြေအနေမှာ အသင့်အတင့်ကောင်းမွန်ပြီး လျှပ်စစ်မီး၊တယ်လီဖုန်း ဝန်ဆောင်မှုတို့ကို ရရှိ အသုံးပြုနိုင်ကြသည်။

၄၁။ ကျေးရွာတွင် ရာဇဝတ်မှုနည်းပါးပြီးတည်ငြိမ်အေးချမ်းလျက်ရှိသောကြောင့်ကုန်စည်စီးဆင်းမှု ကောင်းမွနပါသည်။ကျေးရွာအတွင်းရှိ လူမှုရေး၊ပရဟိတ အဖွဲ့များမှာလည်း အားကောင်း လျက်ရှိပြီး ကျေးရွာရှိ လူငယ်၊လူကြီး၊အမျိုးသမီးနှင့် ရပ်မိရပ်ဖ အဖွဲ့အစည်းများသည် ကျေးရွာဖွံ့ ဖြိုး တိုးတက်ရေးအတွက် စိတ်အားထက်သန်စွာ ညီညီညွတ်ညွတ် ဆောင်ရွက်လျက်ရှိကြသည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

၄၂။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အဟန့်အတားနှင့် စိန်ခေါ်မှုမှာ လမ်းပမ်းဆက်သွယ်ရေး မကောင်းမွန်မှုနှင့် စိုက်ပျိုးသီးနှံများ မဖြစ်ထွန်းမှုတို့ဖြစ်သည်။

## ၆။ စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

၄၃။ ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်အထည်ဖော်မည့် နည်းလမ်းဖြစ်သည်။နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့ အကောင်အထည် ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန် ငါးနှစ်တာ စီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော် မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

## (က) နှစ်ပတ်လည်ဖွံ့ဖြိုးရေးအစီအစဉ်

၄၄။ ကျေးရွာလူထုက ငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ် အချိန်က ဦးစားပေး အစီအစဉ်ချခဲ့သော စီမံကိန်းများသည် (၅)နှစ်တာလုံးအတွက် ပြီးပြည့်စုံသည်ဟု မဆိုနိုင်ပါ။ဦးစားပေး စီမံကိန်းအချို့ကို ရှေ့နှစ်ပိုင်းများတွင် ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေး စီမံကိန်းအသစ်များပေါ်ပေါက်လာနိုင်သည်။ပုံမှန်အားဖြင့် စနစ်တကျရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် မူဘောင်သည် သဘာဝဘေးအန္တရာယ်ဆိုးဆိုးဝါဝါးမကျရောက်ပါက သိသိသာသာပြောင်းလဲမှု မရှိနိုင်ပဲ နောက်တိုးဦ:စားပေး စီမံကိန်းအချို့ကို နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ထည့်သွင်းခြင်းဖြင့် ငါးနှစ်တာစီမံချက်တစ်ခုသည် အသင့်အနေအထားတွင် ရှိနေပါမည်။

## (ခ) ဦးစားပေးစီမံချက်များ

၄၅။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့် ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များ၊ဦ:စားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ တစ်ချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအရပ်ဖက် အဖွဲ့အစည်းများမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦ:စားပေး စီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၄၆။ ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်ပေးမည်ဖြစ်ပြီး လုပ်ငန်း တစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်း ဆောင်ရွက်ပါမည်။

## (၇) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

## (က) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့်ငွေကြေးဆိုင်ရာ အစီအမံများ

၄၇။ ကျွန်ုပ်တို့ကော်မတီအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီအဖွဲ့အစည်းများအား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်သည်။ ဥပမာအားဖြင့်လမ်း၊တံတားပြုပြင် ထိန်းသိမ်းရေးအတွက်လမ်းကော်မတီ ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေး အတွက် မိဘ၊ဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

## (ခ) စီမံကိန်းအားစဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

၄၈။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူစွာ ဆောင်ရွက်ပါမည်။သို့မှသာရည်ရွယ်ချက်အတိုင်း အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၄၉။ လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ခံကျင့်သုံးသည့်အလျောက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာတွင်းရှိ အဖွဲ့အစည်းများ၊အိမ်ထောင်စုများ တက်ကြွစွာပူးပေါင်း ဆောင်ရွက်လာအောင် ဆောင်ရွက်ပါမည်။

## ၉။ နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကဲဖြတ်ပွဲ

၅၀။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ စီမံကိန်းကာလ နှစ်တစ်နှစ်အတွင်း ကျွန်ုပ်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ၏ အစီအစဉ်များကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်လမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ–

-ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊မြို့နယ်သက်ဆိုင်ရာ ဌာနဆိုင်ရာ အဖွဲ့များ၊သတင်းမီဒီယာ

များ၊ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ စသည်တို့ဖြစ်သည်။

၅၁။ နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင်သော သက်ဆိုင်သူများထံမှ အကြံပြုချက်၊သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းများကိုလည်း ရရှိနိုင်ပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို ပြန်လည် ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

နောက်ဆက်တွဲ (၂)

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၃ | ၁၀ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၀ | ၁၈ | ၄၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၉ | ၃၅ | ၅၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၁ | ၃၇ | ၅၈ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၀၀ | ၂၁၅ | ၄၁၅ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၉ | ၁၃ | ၂၂ |
| **စုစုပေါင်း** | | **၂၈၆** | **၃၂၁** | **၆၀၇** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၃၂** | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိလူဦးရေစာရင်းကောက်ယူမှုမှာ မှန်ကန်မှုရှိပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉၁ | ၁၈၂ | ၁၀၆ | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၈ | ၃၆ | ၁၈ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၃၂ | ၂၆၄ | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅ | ၃၀ | – | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၈ | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၆ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၁၀ | – | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၈ | ၃၆ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | | | | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု

လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။၂၀၁၁ခုနှစ်တွင် သဖန်းဆိပ်ရေလှောင်တမံတည်ဆောက်မှုကြောင့် ပြောင်းရွှေ့လာရသောကျေးရွာဖြစ်ပါသည်။ယခင်က လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သော်လည်း ရွာပြောင်းရွှေ့လာရ၍ အစားရရှိသော လယ်ယာမြေများမှာ အထွက်နှုန်းနည်းပါးပါသည်။ထို့ကြောင့် လယ်ယာလုပ်ကိုင်ခြင်းအစား နေ့စားလုပ်ငန်း၊ငါးဖမ်းလုပ်ငန်းနှင့် တစ်ခြားဒေသများသို့ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်းတို့ဖြင့် အလုပ်လုပ်ကိုင်ကြရသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၄၀၀၀ | ၄၀၀၀ | ၂၀၀၀ | ၂၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၃၅၀၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများတွင် ပေါင်းနှုတ်၊စပါးရိတ် စသော လုပ်ငန်းများတွင် ကျား/မခွဲခြားလေ့မရှိပါ။သတ္တုလုပ်ငန်းများတွင် ကျား/မခွဲခြားပြီး အမျိုးသားလုပ်အားခမှာဈေးပိုမိုရရှိသည်။ဆောက်လုပ်ရေး လုပ်ငန်းများတွင်လည်း အမျိုးသားများက လစာပိုမိုရရှိသည်

## (ဂ) သဘာဝရင်းမြစ်များ

## (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၅၄၀.၄ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၂၁၄ | ကောင်း ☐ သင့် ☐ ညံ့ ☑ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | ၁၂ | ကောင်း ☐ သင့် ☐ ညံ့ ☑ |
| **စုစုပေါင်း** | | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးမြေညံ့ဖျင်းမှု ကြောင့် သီးနှံအထွက်နှုန်းလျော့ကျပြီး တောင်သူများမှာ အရှုံးနှင့်ရင်ဆိုင်ရသောကြောင့် အခြားလုပ်ငန်းကိုသာ လုပ်ကိုင်နေရကြောင်းတွေ့ရှိရပါသည်။

## .(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။သတ္တုနှင့်တွင်းထွက် သယံဇာတများအနက် ရွှေ သာလျှင် အနီးပတ်ဝန်းကျင်တွင် ထွက်ရှိသော်လည်း ဆည်ရေပြင်အတွင်းဖြစ်သောကြောင့် တူးဖော်၍ အလွယ်တကူ မရနိုင်ပါ။ကျောက်၊သဲနှင့်ကျောက်စရစ်များကို အနီးပတ်ဝန်းကျင် (၂မိုင် မှ ၆ မိုင်)ထိ သွားလာ၍ သယ်ယူရပြီး သဘာဝ အပင်မျိုးစိတ်များနှင့် တိရစ္ဆာန် မျိုးစိတ်များမှာ ချပ်သင်းဘေးမဲ့တောနှင့် ကပ်လျက်ဖြစ်သောကြောင့် အလွယ်တကူ မထုတ်ယူနိုင်ပါ။

## (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | မြင့် | လတ် | နိမ့် | မရှိ |
| အိမ်အခြေအနေ | အုတ်/သွပ် | သွပ် | သွပ် | သွပ်/ဓနိ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | | | | |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ/ မွေးမြူရေး | တောင်သူ/ ကူးသန်း | တောင်သူ/ ငါးဖမ်း | လက်လုပ် လက်စား |
| **အိမ်ထောင်စု** | | | | |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် စီးပွားရေးစစ်တမ်းကောက်ယူချက်အရ အဆင်ပြေသူ အိမ်ထောင်စု ဦးရေမှာ ကျေးရွာ၏ ခြောက်ပုံတစ်ပုံခန့်ရှိရှိသည်။အလယ်အလတ်အဆင့်ရှိသော အိမ်ထောင်စုမှာ သုံးပုံ တစ်ပုံခန့်သာရှိပါသည်။မပြေလည်သော အိမ်ထောင်စုနှင့် အလွန် မပြေလည်သော အိမ်ထောင်စုမှာ ကျေးရွာ၏ ၅ဝ%ခန့်ရှိနေသည်။ထိုသို့ဖြစ်ရခြင်းမှာ သီးနှံမဖြစ်ထွန်းခြင်းနှင့် အလုပ်အကိုင်ရှားပါးခြင်းတို့ကြောင့် ဖြစ်သည်။

## (င) ထိခိုက်လွယ်မှု

## (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃ဝ ရာခိုင်နှုန်းစီ)

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | **ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |

ရင်းမြစ်..ဥစ္စာခနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ဆင်းရဲသော အိမ်ထောင်စုများသည် အလုပ်အကိုင်ရှားပါးမှု အခြေခံ ပြီး လက်လုပ်လက်စားဘဝဖြင့် စားဝတ်နေရေးကို ရုန်းကန်ကြရသည်။ လုပ်အားခပိုလျှံမှုနည်းပါးသော ကြောင့် ကျန်းမာရေးတစ်စုံတစ်ရာ အခက်အခဲရှိပါက လုပ်အားခကြိုယူကြရပြီး မလုံလောက်ပါက ငွေတိုးစနစ်ဖြင့်ချေးယူကြရသည်။

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၁ | ၃ | ၄ |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | – | – | – |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၂ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | – | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၁ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုများသည်များသည် မိမိ၏ စားဝတ်နေရေးအတွက် ရှိသမျှပေါင်နှံရောင်းချ၍ဖြေရှင်းကြရသည်။

## (ဧ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ | လတ် ☑ | နိမ့်☑ | မရှိ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☑ | လတ် ☐ | နိမ့်☑ | မရှိ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☑ | လတ် ☐ | နိမ့်☐ | မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ | လတ် ☑ | နိမ့်☐ | မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ | လတ် ☑ | နိမ့်☐ | မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ | လတ် ☑ | နိမ့်☐ | မရှိ ☐ |
| ၇ | ငလျင် | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☑ | လတ် ☐ | နိမ့်☐ | မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☑ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☑ | လတ် ☐ | နိမ့်☐ | မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် – နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု – လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် – မြင့်

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာရှိ အိမ်ထောင်စုဝင်များ၏ မွေးမြူရေးကဏ္ဍတွင် ကြက်၊ဝက် စသည်တို့ကို ကူးစက်ရောဂါ၊ရာသီဥတုဒဏ်၊ခြံမသန့်ရှင်းမှုတို့ကြောင့် ပျက်စီးဆုံးရှုံးမှု ပိုမိုများပြား လာပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

**လေ့လာတွေ့ရှိချက်။** ။လူငယ်အများစုသည် မိမိတို့၏ ဝါသနာအားသန်ရာကို လုပ်လိုသော်လည်း မိဘများ၏ ဆန္ဒကြောင့် လူငယ်များ၏ ကိုယ်စွမ်းကိုယ်စများ ထင်သလောက်ထွက်မလာပါ။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

## (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ် ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အလင်းပြ စာကြည့်တိုက် | ၁☐ ၂☐ ၃☐ | ၈ | ၇ | ၅ | ပညာရေး ☑ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
| ၂ | အမျိုးသမီး၊ အမျိုးသားအဖွဲ့ | ၁☐ ၂☐ ၃☐ | ၃၃ | ၅၂ | ၈၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၃ | လင်းရောင်ခြည် ပရဟိတအဖွဲ့ | ၁☐ ၂☑ ၃☐ | ၁၅ | | ၁၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၄ | မီးလင်းရေး ကော်မတီအဖွဲ့ | ၁☐ ၂☑ ၃☐ | ၁၂ | | ၁၂ | ပညာရေး ☑ ငွေကြေး ☐<br>ကျန်းမာရေး ☑ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၅ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |
| ၆ | မီးကော်မတီ | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာရှိ အဖွဲ့အစည်းများသည် အနည်းနှင့်အများ အားသာချက် ကိုယ်စီရှိကြသည်။သို့သော် အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုချိတ်ဆက်မှုအားနည်းကြောင်းတွေ့ရသည်။

## (က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | Pact Myanmar | ၁☐ ၂☐ ၃☐ ၄☑ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☑<br>ကျန်းမာရေး ☑ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☑<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၃ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၄ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၅ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၆ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် Pact Myanmar အဖွဲ့အစည်းရှိပြီး ကျေးရွာအတွက် ကျန်းမာရေး၊အသေးစားငွေစုငွေချေးအဖွဲ့အား အထိုက်အလျောက် အထောက်အကူဖြစ်ပါသည်။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (ခ-၁) သီးနှံထုတ်လုပ်ရေး

### (၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၄၇ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၁၀ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၂၃ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၃၈ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | ၁၄ | တောင်သူကြီး |
